အရှေ့စည်းကျေးရွာ

ကလေးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် VDP (၂၀၁၈–၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အရှေ့စည်းကျေးရွာ၊ ကလေးမြို့နယ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

	စာမျက်နှာ
စကားချီး	၁
အရှေ့စည်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလေးမြို့နယ်	
ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်	၂-၃
၁။ နိဒါန်း	
(က) ရည်ရွယ်ချက်	
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	
၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၃-၄
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	
(ခ) သဘာဝအရင်းအမြစ်များ	
၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၄-၅
(က) လူဦးရေဆိုင်အရာအချက်အလက်များ	
(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု	
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
(ဃ) ကျန်းမာရေးနှင့် အဟာရ	
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	
(စ) ကျား/မဆိုင်ရာဆက်နွယ်မှု	
၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ	၅-၈
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်	
(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ	
(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	
(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	
(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး	

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၉

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ ၈

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ စီမံကိန်း၊ စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၉-၁၂

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

၈။ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

၁၀။ ကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နှပ်စာ စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ
ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်လမ်း၊ ပြဿနာနှင့် အခက်အခဲ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား(၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇)ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၁ မှ ၂၀၂၂ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၁၈ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အရှေ့စည်းကျေးရွာ
ကလေးမြို့နယ်

စင်ကိုးတိုင်း ၊ ကလေးမြို့နယ်
ကရင်စည်းကျေးကွက် ၏ မြေပုံ ကကျဉ်း

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်းကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်လုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်အသစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲခဲ့ပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိကြပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်သော အချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်ပြည်နယ်နှင့်တိုင်းအဆင့် ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်

အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုအပ်ချက်နှင့် ၄င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOS)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOS)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များ အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၄င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကို ရရှိနိုင်မည့်နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်နိုင်မည်။

(ခ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိ ပြီးအမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူ ထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပေးပို့ရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ **ကျေးရွာ၏ပထဝီအနေထားနှင့် သဘာဝအရင်းအမြစ်များ**

(က) **တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

အရှေ့စည်းကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး ကလေးမြို့မှ (၃၈)မိုင်ခန့်အကွာ၊ ကလေးဂန့်ဂေါ ကတ္တရာလမ်း၏ အရှေ့ဘက်(ဖ)မိုင်အကွာအဝေးတွင် တည်ရှိပြီး မဏိပူရမြစ်နှင့် ကပ်လျက်မြေပြန့်ဒေသ ဖြစ်သည်။ မိုးများသောနှစ်များတွင် မဏိပူရမြစ်မှ ရေလွှမ်းမိုးခြင်း၊ ကမ်းပါးပြိုခြင်းကို ခံကြရသည်။ ကျေးရွာသည် ကုန်းကြောမှ အချိန်မရွေးသွားလာနိုင်သော်လည်း မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်း ပါကတင်သားကျေးရွာမှ ကျုံးရေလျှံခြင်းကြောင့် သွားလာမှုခက်ခဲလျက်ရှိပါသည်။ ကျေးရွာတွင် အဓိကစိုက်ပျိုး သီးနှံမှာ စပါး၊ ပဲမျိုးစုံနှင့် နှမ်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

၄

(ခ) **သဘာဝအရင်းအမြစ်များ**

အရှေ့စည်းကျေးရွာတွင် မဏိပူရဆည်ရေသောက်လယ်များနှင့် ယာမြေကိုင်းမြေများရှိပါသည်။ လယ်အတွင်း ဆည်ရေကို ရာသီချိန်တွင်သာ ရနိုင်သော်လည်း မိုးရွာသွန်းမှုမရှိပါက လယ်များအတွက် ရေလုံလောက်မှုမရှိပါ။ ကျေးရွာသည် မဏိပူရမြစ်ဘေးတွင် တည်ရှိသောကြောင့် ဆောက်လုပ်ရေးအတွက် သဲနှင့်ကျောက်များ လိုသလောက်ရရှိနိုင်ပြီး ရေချိုငါးများလည်း ရရှိနိုင်ပါသည်။ သဘာဝဆေးဘက်ဝင် အပင်များဖြစ်သော ဆီးဖြူ၊ ထိကရုန်း၊ ကနဖော့ခရာပင်များပိုမိုများပြားလာပါသည်။ ဘတ္ထရီလျှော့တိုက် ခြင်းဖြင့် ငါးများဖမ်းဆီးခြင်းကြောင့် တဖြည်းဖြည်းရှားပါလာသည်။

အရှေ့တောင်တွင် သစ်၊ ဝါးများပေါက်ရောက်ပြီး ထိန်းသိမ်းမှုအားနည်းသဖြင့် ထုတ်ယူသုံးစွဲမှု များသောကြောင့် သစ်တော၊ ဝါး၊ ပျားရည်နှင့် တိရိစ္ဆာန်မျိုးစိတ်များလျော့နည်းလာသည်။

၃။ ကျေးရွာ၏ လူထုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

ကျေးရွာတွင် အိမ်ထောင်စု (၇၇၄)စုရှိပြီး၊ လူဦးရေစုစုပေါင်း (၃၄၃၄)ဦး ကျား(၁၆၇၈)၊ မ(၁၇၅၆) ဦးရှိပါသည်။ မြန်မာလူမျိုးများသာနေထိုင်ကြပြီး ပျမ်းမျှတစ်အိမ်ထောင်စုလျှင် (၅)ဦးခန့်ရှိပါသည်။ အသက် (၁၅)နှစ်မှ (၆၀)နှစ်ထိ အလုပ်လုပ်နိုင်သော လူဦးရေ (၂၁၃၄)ခန့်ရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့်အထက် (၆၀)နှစ်အထက်လူဦးရေစုစုပေါင်း(၅၀၀)ခန့်သည် မှီခိုသူများသာဖြစ်ကြပါသည်။

(ခ) **စီးပွားရေးအခြေအနေနှင့် ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ အိမ်ထောင်စု (၇၇၄)စု၏ (၈၀%)ခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ (၂၀%)ခန့်မှာ ချောင်လည်သည်ဟု ဆုံးဖြတ်ကြ ပါသည်။ ဆင်းရဲသည်ဟုသတ်မှတ်ထားသော သူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ(၅)ဧက နှင့်အောက် ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမား များဖြစ်ပါသည်။ ချောင်လည်သော မိသားစုများ သည်စိုက်ပျိုးမြေ (၅)ဧကနှင့်အထက်ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်

သောသူများဖြစ်ကြပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေ အထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ၊ ဆင်းရဲမညီမျှမှု အချက်အလက်များကို ဖော်ပြနေပါသည်။

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုနှင့်မြေယာမဲ့ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ ၄င်းတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစုများဖြစ်ကြပါသည်။ ကျေးရွာအတွင်းရှိ ဆင်းရဲသောမိသားစုနှင့် လူငယ်အချို့မှာ ဝင်ငွေပိုမိုရရှိနိုင်ရန်အတွက် ကျေးရွာပြင်ပ (ပြည်တွင်း/ပြည်ပ)သို့ သွားရောက်အလုပ် လုပ်ကိုင်ကြပါသည်။

ဝမ်းစာမဖူလုံမှုသည် အဓိကထိခိုက်သက်ရောက်မှုအများဆုံးဖြစ်သည်။ ၄င်းအပြင် မိုးခေါင်ခြင်း နှင့်ရေကြီးခြင်းတို့သည်လည်း ထိခိုက်သက်ရောက်မှုမြင့်မားသည်။

(ဃ) **ကျန်းမာရေးနှင့်အဟာရ**

လက်ရှိတွင် ကျေးရွာမှာ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ အနည်းငယ် ဖြစ်ပွားတတ်ပါသည်။

(င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျောင်းမနေသူ (၂.၆%)ရှိသည်။ ဘာသာရေးဘုန်းကြီးစာတတ်မြောက်သူ (၇.၄%) ရှိသည်။ မူလတန်းပညာတတ်မြောက်သူ(၄၃%)၊ အလယ်တန်းပညာတတ်မြောက်သူ(၁၉.၅%)၊ အထက်တန်း ပညာတတ်မြောက်သူ (၁၁.၅%)၊ တက္ကသိုလ်ပညာတတ်မြောက်သူ (၁၃%) ရှိပါသည်။

(စ) **ကျား/မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီကိုယ် စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်ဖွဲ့စည်းထားပြီး အမျိုးသမီးများပါဝင်ခွင့်ရမှုနည်းပါ သည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစုအတွက်ဆုံးဖြတ်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍများအားနည်းနေဆဲဖြစ်ပါသည်။ လုပ်အားခသတ်မှတ်ရာတွင်လည်း လုပ်အားပေါ်မူတည်၍ သတ်မှတ်ထားပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ကျေးရွာ၏ လက်ရှိအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင်ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြု ဖြစ်စေနိုင်ပါသည်။

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့၊ မမွေစကြံ့ာ အဖွဲ့၊ ဂေါပကအဖွဲ့၊ လူမှုရေးကဏ္ဍတွင် မီးသတ်အဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ နာရေးကူညီ မှုအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစသည်တို့ဖြစ်ပါသည်။ ၄င်းအဖွဲ့များ ဖွဲ့စည်းထားသော်လည်း၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ခြင်းစသည်တို့အားနည်းလျက်ရှိပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည်လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပံ့မှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) **သီးနှံ၊ သားငါးထုတ်လုပ်မှုကဏ္ဍ**

စုစုပေါင်းအိမ်ထောင်စု (၇၇၄)စုတွင် (၅၀)စုမှာမြေယာမဲ့၊ (၆.၄%)မှာ ဆင်းရဲသောတောင်သူလယ်သမားများဖြစ်ပြီး၊ ကောက်စိုက်နေ့စားလက်လုပ်လက်စားကျပန်းလုပ်ကိုင်ကြပြီး မြေဧကအနည်းအကျဉ်းပိုင်ဆိုင် သူများသည်လည်း ဟင်းသီးဟင်းရွက်စိုက်ကာ အသက်မွေးကြသည်။

ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ နှမ်း၊ ပဲပုတ်၊ ပဲနီတို့ဖြစ်သည်။ မဏ္ဍိပူရဆည်မှ မိုးရာသီတွင် မိုးစပါးစိုက်ဧကပြည့်မှီအောင်စိုက်နိုင်သော်လည်း နွေရာသီတွင် ဆည်မှရေရရှိမှုမရှိသော ကြောင့်ကုလားပဲများသာ စိုက်ပျိုးကြပါသည်။

မဏ္ဍိပူရဆည်မှ ရေအလုံအလောက်လွှတ်ပေးသော်လည်း မြောင်းလယ်တံမှာ ပျက်စီးမှုများကြောင့် လယ်ရေအလုံအလောက်မရကြပါ။ ဆည်မြောင်းပျက်စီးမှုများအား ထိန်းသိမ်းမှုစနစ်မရှိသေးပါ။

ယာမြေများတွင် မိုးနှမ်းကိုစိုက်ပျိုးပြီး ဆောင်းတွင် ပဲထောပတ်၊ ပဲနီ၊ ပဲပုတ်နှင့်ကုလားပဲများ စိုက်ပျိုးကြသည်။ နွေပိုင်းတွင် ရေတွင်းတူးပြီး ရေတင်စိုက်ပါက သီးနှံထုတ်လုပ်မှု တိုးတက်လာနိုင်ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေမှ လုံလောက်သောပမာဏထိ မချေးငှားနိုင်ခြင်းလုပ်ငန်းလိုအပ်ချိန်တွင် အချိန်မှီချေးငွေမရရှိခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ နွားကို လယ်ယာလုပ်ငန်း အတွက် အသုံးပြုရန်တောင်သူများက အဓိကမွေးမြူကြသည်။ ဝက်နှင့်ကြက်ကို တိုင်တနိုင်အနေဖြင့် မိသားစုဝင်ငွေအတွက် မွေးမြူကြပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

မြေယာမဲ့မိသားစုအချို့သည် ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်း၊ အစိုးရဝန်ထမ်း၊ အိမ်စေ့ားဆိုင်ငယ်များရောင်းခြင်းကို လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်မရှိခြင်း၊ ပုံမှန်ဝင်ငွေမရပဲ တချို့မှာ တစ်နယ်တကျေးသို့ သွားရောက်လုပ်ကိုင်ကြရသည်။ ချေးငွေလက်လှမ်းမမှီနိုင်ခြင်း၊ အရင်းအနှီးမရှိခြင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာကျွမ်းကျင်မှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊အဆက်အသွယ်နည်းပါးခြင်း၊ ဆက်သွယ်ရေးအားနည်းခြင်းနှင့် သတင်းအချက်အလက် လက်လှမ်းမမှီနိုင်ခြင်းတို့မှာ ဝင်ငွေရလုပ်ငန်းများ လက်လှမ်းမှီမှု တိုးတက်ရေးအတွက် အခက်အခဲများဖြစ်ပါသည်။

(ဃ) **ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအကြောင်းအရာတို့ကို ကျေးရွာအတွင်း တွေ့ကြုံနေကြရပါသည်–

❖ **မိုးခေါင်ခြင်းနှင့်ရေကြီးခြင်း**

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှင့်ရေကြီးခြင်းကို နှစ်စဉ်တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းနှင့်ရေကြီးခြင်းကြောင့် တောင်သူများ၏ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်းကို ခံကြရပါသည်။ ယာမြေများတွင် နှစ်ရှည်ပင်များစိုက်ပျိုးရန်သင့်တော်ပြီး တိုးချဲ့စိုက်ပျိုးသင့်ပါသည်။

❖ **မြေဆီလွှာခမ်းခြောက်ခြင်း**

မြေဆီလွှာထိန်းသိမ်းမှုအားနည်းသောကြောင့် တဖြည်းဖြည်း မြေဆီလွှာခမ်းခြောက်မှုနှင့် ကြုံရပါသည်။

❖ **ရောဂါပိုးမွှားကျရောက်ခြင်း**

လူ၊တိရိစ္ဆာန်နှင့် စိုက်ပျိုးသီးနှံများတွင် ရောဂါပိုးများကျရောက်မှုများပြီး တောင်သူများမှာလည်း ပိုးသတ်ဆေးပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲခြင်း၊ ပုလင်းခွံ၊ ဗူးခွံများကို စည်းကမ်းမဲ့စွန့်ပစ်နေကြပါသည်။

❖ **သားငါးရှားပါးမှု**

မြစ်ချောင်းအင်းအိုင်များတွင် ငါးများကို ဘတ္ထရီအိုးများဖြင့် လျှော့တိုက်ဖမ်းဆီးမှုများရှိနေခြင်း၊ အစိုးရမှ တားမြစ်ပိတ်ပင်မှုမရှိခြင်းတို့ကြောင့် ငါးများရှားပါးလာပြီး မျိုးတုန်းပျောက်ကွယ်မှုဖြစ်လာနိုင်သည်။

❖ **ထင်း၊လောင်စာရှားပါးခြင်း**

သစ်တောများခုတ်ထွင်မှုများပြီး ထိန်းသိမ်းမှုအားနည်းသောကြောင့် ထင်းနှင့်မီးသွေး၊ လောင်စာများတဖြည်းဖြည်းရှားပါးလာသည်။

❖ **အပင်မျိုးစိတ်များ**

တောဆီးဖြူ၊ ထိကရုန်း၊ ကနေဖော့၊ ဒူကလော့၊ နွယ်ဖြူ၊ ခရာပင်၊ ကုလားမုတ်ဆိတ်နှင့် ရေသဖန်းများပိုမိုများပြားလာသည်။

❖ **စွန့်ပစ်ပစ္စည်းများ**

စနစ်တကျစွန့်ပစ်ခြင်းမရှိ၊ လယ်ကွင်းများ၊ ရေမြောင်းများတွင် အလွယ်တကူစွန့်ပစ်ကြသောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်ရှိပါသည်။

(c) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

စိုက်ဘဏ်မှ ချေးငွေယူသူ (၆၀%) ခန့်ရှိပြီး (၁)ဧကလျှင် တစ်သိန်းခွဲဖြင့် (၁၀)ဧကာ အထိသာ ချေးပေးပါသည်။ တောင်သူများမှာ လုံလောက်မှုမရှိသောကြောင့် ပြင်ပမှ ချေးငွေရယူကာ အတိုးကြီးပေးရ ပါသည်။

သမဝါယမဘဏ်မှလည်း ချေးငွေယူသူ (၂၀%)ခန့်ရှိပြီး တစ်ဦးလျှင် ချေးငွေ( )သာရရှိကြပါသည်။

အာရုဏ်ဦးမှလည်းချေးငွေယူသူ (၂၀%)ခန့်ရှိပြီး စိုက်၊ မွေး၊ ကျပန်းအိမ်ထောင်စုများအတွက် ချေးငွေထုတ်ပေးထားပါသည်။ အဖွဲ့ဝင်စ ပထမအရစ်တွင်(၈)သောင်း၊ ဒုတိယအရစ်တွင်(၁)သိန်းခွဲ ၊ တတိယအရစ်တွင် (၂)သိန်းခွဲ အများဆုံးချေးပါသည်။ ငွေချေးသူများ၏ အဓိကအခက်အခဲမှာ (၁၄) တတိယကြိမ်အရစ်ကျ ပြန်လည်ပေးချေရသောကြောင့် ပြင်ပမှအတိုးကြီးယူပြီး ပေးချေရသည်များမကြာခဏကြုံရပါသည်။

ချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေကာလရှည်ဖန်တီးပေးနိုင်ပါက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျပန်း၊ နေ့စားသမားများအတွက် စားဝတ်နေရေး အဆင်ပြေနိုင်မည်ဖြစ်ပြီး ဝမ်းစာဖူလုံမည် ဖြစ်ပါသည်။

(d) **ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု**

မူလတန်းကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်နှုန်းမှာ (၉%)ရှိပြီး၊ အလယ်တန်းကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်နှုန်းမှာ (၆.၂%)ရှိပြီး၊ အတက်တန်းကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်နှုန်းမှာ (၂%)ခန့်ဖြစ်သည်။ ကျေးရွာတွင် အထက်(ခွဲ)အဖြစ် ယခုနှစ်မှ တိုးပေးလိုက်သောကြောင့် စာသင်ဆောင်မလုံလောက်ခြင်း၊ ယိုယွင်းနေသော လက်ရှိကျောင်းဆောင်တွင် သင်ကြားနေရပြီး

ပြုပြင်ရန်လည်းလိုအပ်ပါသည်။ ကျောင်းဝန်းအတွင်း အားကစားကွင်းရှိသော်လည်း၊ နှစ်စဉ်စိုက်ပျိုးရေးလုပ် ကိုင်နေမှုကြောင့် ကျောင်းသားများ ကစားရန်အတွက် အခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးခန်းဆောင်များအတွက် အစိုးရမှ တာဝန်ပေးထားသော ကန်ထရိုက်များမှပြီးစီးအောင်ဆောင်ရွက်ခြင်းမရှိပါ။ တာဝန်ကျ ဆရာမများလည်း ယူနီဆက်မှ ဆောက်လုပ်ထားသော အဆောင်တွင်သာနေရပါသည်။ ကျေးရွာတွင် သောက်သုံးရေ လုံလောကစွာရရှိသော်လည်း မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြောင်းရေလျှံခြင်းကြောင့် သောက်သုံးရေမသန့်ရှင်းမှုများနှင့် ကြုံနေရပါသည်။

(ဆ) **လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များမှာ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ကြပါသည်။ အားကစားတွင် လေ့လာလိုက်စားလိုသော်လည်း ကျေးရွာတွင် အားကစားကွင်းဘောလုံး ကွင်းမရှိပါ။ စာသင်ကျောင်း၊ အားကစားကွင်းကိုသာ အမှီပြု၍ ကစားကြရပါသည်။

(ဇ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု**

ကျေးရွာသို့ လမ်းနှစ်လမ်းရှိပြီး မြေသားလမ်းနှင့် ကျောက်ခင်းလမ်းဖြစ်ပြီး မဏိပူရမြစ် (နန်းကသဲ)ရေကြီးမှုကြောင့် ပျက်စီးသွာပါသည်။ ရွာတွင်းလမ်း(၁)မိုင်နှင့် မြို့ထွက်လမ်းမှာ ပျက်စီးနေ သော်လည်း ပြန်လည်ပြုပြင်ရန် မတတ်နိုင်ကြပါ။ မဏိပူရ(နန်းကသဲ) မြစ်ရေကြီးပါက ရေဘေးရှောင်ရာ တွင်အဓိကအသုံးပြုသော မြို့ထွက်လမ်းအား ကောင်းမွန်စွာပြုပြင်ပေးလျှင် ပိုမိုအကျိုးရှိနိုင်မည် ဖြစ်သည်။ လျှပ်စစ်မီးလင်းရေးအနေဖြင့် ကျေးရွာအိမ်ထောင်စုများအတွက် မဟာဓါတ်အားလိုင်းနှင့် ဝေးလွန်းသောကြောင့် မျော်လင့်ချက်နည်းပါးလျှက်ရှိပါသည်။

(ဈ) **တည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူ့လုံခြုံမှု**

သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်အနေဖြင့် မီးကင်းလှည့်လည်ရေးနှင့် အပတ်စဉ် ပိုးလောက်လမ်းစစ်လုပ်ငန်းသာရှိပါသည်။ မြောက်စည်းရဲစခန်းနှင့် အချိတ်အဆက်ရှိပါသည်။ ကျေးရွာ နှင့်(၄)မိုင်ခန့်သာဝေးပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာသည် မဏ္ဍိပူရဆည်မှ ရေဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော မြေယာများရှိခြင်းကြောင့် သီးနှံစုံအားရွေးချယ်ပြီး စိုက်ပျိုးရေးထုတ်လုပ်နိုင်သည်။ ငွေကြေးလိုအပ်ချက်ရှိလာလျှင် ချေးငှားနိုင်ရန် သမချေးငွေနှင့်ကျေးရွာ အဖွဲ့အစည်းများ၏ ရန်ပုံငွေများလည်းရှိပါသည်။

ပခုက္ကူ၊ မုံရွာ၊ မန္တလေးစသည့်စီးပွားရေးအချက်အချာကျသည့်ဒေသများသို့ တိုက်ရိုက်ဆက်သွယ်ထားသောကားလမ်းမကြီးများ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ဆောင်မှုကောင်းများလက်လှမ်းမီရာဒေသတွင်း၌ တည်ရှိပါသည်။ ဆောက်လုပ်ရေးအတွက် သဲ၊ ကျောက်များကို အလွယ်တကူရရှိနိုင်ပါသည်။ ကျေးရွာတွင်ကာလသားအဖွဲ့၊ လူပျို/အပျိုအဖွဲ့၊ မိန်းမလတ်ကြီးများအဖွဲ့၊ လူလတ်ပိုင်းများအဖွဲ့ရှိပြီး အစဉ်အဆက်လှုပ်ရှားမှုရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေးနာရေးများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များရှိသော်လည်းအုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တခုနှင့်တခုချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းလျှက်ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတရပ်ဖြစ်ပါသည်။

ကျေးရွာ၏ အိမ်ထောင်စုများမှာ သီးနှံစိုက်ပျိုးရေးကိုအဓိကမှီခိုနေသော်လည်း ထပ်မံတိုးပွားလာသောအိမ်ထောင်စုများအတွက် စိုက်ပျိုးမြေထပ်မံတိုးချဲ့နိုင်သော အခွင့်အလမ်းလည်းမရှိတော့ပါ။ ဆည်မြောင်းရေရရှိသော်လည်းရေပေးဝေမှုစနစ်ပြုပြင်ရန်လိုအပ်ချက်များကြောင့် စိုက်ပျိုးရေးဖူလုံစွာမရကြပါ။ ရေကာတာများပြုပြင်ရန်လိုအပ်ခြင်း၊ ရေပေးဝေမှုလုပ်ငန်းတွင် ပိုမိုထိရောက်အကျိုးရှိရေးအတွက် လယ်သမားစုဖွဲ့၍ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်နိုင်ရေးစသည်တို့ဖြစ်ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက် ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေးအကောင်အထည်ဖော် ရမည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

(က) **ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်–

- ❖ စိုက်ပျိုးရေးလုပ်ငန်းများ၊ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာနိုင်ခြင်းဖြင့် ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရမည်။
- ❖ ပညာတတ်မြောက်မှု၊ လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်လာခြင်းဖြင့် ကျေးရွာသူ/သားများ၏ ဝင်ငွေရှာဖွေနိုင်စွမ်းမြင့်မားလာရမည်။

(ခ) **နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

အထက်ပါပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်တွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ အောက်ဖော်ပြပါအကောင်အထည်ဖော်ရန် တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းအထောက်အကူပြုအနေအထားဖန်တီးပေးခြင်း

- ▪ ကုန်ထုတ်လုပ်မှု တိုးတက်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာခြေခံအဆောက်အဦးနှင့် အသုံးအဆောင်များပြည့်စုံလုံလောက်အောင်ဖန်တီးပေးခြင်း။
  (ဆည်မြောင်းတမံများပြုပြင်ပေးခြင်း၊ ကုန်ထုတ်လမ်းတံတား ဆောက်လုပ်ခြင်းစသည်)။
- ▪ ဈေးကွက်မြှင့်တင်ပေးခြင်း၊ ဖန်တီးပေးခြင်း။
- ▪ လိုအပ်သော အစိုးရမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း။
- ▪ ဈေးကွက်သတင်းမီဒီယာများ ထုတ်လွှင့်ခြင်း။
- ▪ ကောင်းမွန်သောသယ်ယူပို့ဆောင်မှု၊ ဝန်ဆောင်မှုများဖန်တီးပေးခြင်း။

လုပ်ငန်းအရင်းအနှီး

- ❖ အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် အသေးစားချေးငွေအဖွဲ့အစည်းများထံမှ ငွေကြေးဆောင်မှုများ လက်လှမ်းမီရေးအတွက်ဆောင်ရွက်ခြင်း။
- ❖ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေတည်ထောင်ခြင်း။

အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာကျွမ်းကျင်မှုကို ဖွံ့ဖြိုးတိုးတက်စေပြီး အငယ်စား ပုဂ္ဂလိကလုပ်ငန်းကို မြှင့်တင်၍ အလုပ်အကိုင်ဖန်တီးခြင်း

- ❖ အသက်မွေးဝမ်းကျောင်ကျွမ်းကျင်သူများမွေးထုတ်ပေးရန်နှင့်လေ့လာရေးအစီစဉ်များ ပြုလုပ်ပေးခြင်း။
- ❖ အသေးစားစက်ရုံများတည်ဆောက်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်။
- ❖ ကုန်ကြမ်းမှ ကုန်ချောထုတ်ယူခြင်း။
- ❖ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေခြင်း။

ကျေးလက်လူထုအခြေခံအဆောက်အဦးများဖွံ့ဖြိုးတိုးတက်စေခြင်း

- ❖ ကျေးလက် လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ပေးခြင်း။
- ❖ စာသင်ကျောင်း၊ ဆေးခန်း၊သန့်ရှင်းသောသောက်သုံးရေစသည်တို့ကို ပြည့်စုံလက်လှမ်းမီစေခြင်း။

၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ ဆွေးနွေးမှုများမှ ကျေးရွာတွင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ၄င်းလုပ်ငန်းများအနက် ရွာသူ/သားများမှ သဘောတူရွေးချယ်ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၁၅)ဦးတို့က ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ကျေးရွာသူ/သားများက ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခြင်းကို အတည်ပြုပေးခဲ့ကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာ၏ ဦးစားပေးစီမံကိန်းကို ကျေးရွာတွင် ရှာဖွေတွေ့ရှိ မှုများကိုအခြေခံ၍ ကျေးရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံကိန်းများကို အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ ရွာတွင်းလမ်းမကြီး မကောင်းခြင်း၊

၂။ ကျေးရွာ၏ မြောက်ဘက်ကုန်ထုတ်လမ်း မကောင်းခြင်း၊

၃။ စာသင်ဆောင်လုံလောက်မှုမရှိခြင်း စာသင်ဆောင်အပြီးသတ်မှုမရှိ၍ စာသင်ကြားမှု ခက်ခဲခြင်း၊

၄။ အစည်းအဝေးခန်းမ မရှိခြင်း၊

၅။ စပါးစိုက်ပျိုးရာတွင် ရေလုံလောက်မှု မရှိခြင်း၊

၆။ စိုက်ပျိုးရေးသီးနှံများ အထွက်အတိုးလျော့ကျမှု ဖြစ်ပေါ်လာခြင်း၊

၇။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊

၈။ စိုက်ပျိုးရေးမဟုတ်သော မိသားစုစားဝတ်နေရေး ခက်ခဲခြင်း၊

၉။ လူငယ်များအားကစားပြု လုပ်ရန် ခက်ခဲခြင်း၊

၁၀။ ကျေးရွာပိုင်စာကြည်တိုက်မရှိ၍ စာပေဗဟုသုတအားနည်းခြင်း၊

၁၁။ လျှပ်စစ်မီးရရှိနိုင်မှု အလှမ်းဝေးကွာမှုရှိခြင်း၊

၁၂။ ကျေးလက်ဆေးပေးခန်းပြီးစီးအောင် ဆောင်ရွက်မှုမရှိခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာ အားနည်းခြင်း၊

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားသည် လုပ်ငန်းစတင်ရန်နှင့် ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသော ဦးစားပေးစီမံချက်များ၏ နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်ဖြစ်သည်-

စီမံချက်	အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
ရွာတွင်းလမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း	၁	✓				
ကျေးရွာကုန်ထုတ်လမ်းအား သဲကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်ရန်	၂		✓			
ကျေးရွာအစည်းအဝေးခန်းမ တည်ဆောက်ရန်	၃			✓		
အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် ချေးငွေရရှိနိုင်ရေး	၄				✓	
တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လုပ်ငန်းများ	၅					✓

ဖွင့်လှစ်ပေးရန်						

အရှေ့စည်းကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား (ဖွံ့ဖြိုးရေးကွင်းဆက်)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရပ်မိရပ်ဖအဖွဲ့**					
	(၁) ရွာတွင်းလမ်းများ သွားလာရာခက်ခဲခြင်း။	ရွာတွင်းလမ်းများ မကောင်းခြင်း	လမ်းမြေမှာမာခြင်း၊ လမ်းကျယ်ပြန့်ခြင်း။	ရန်ပုံငွေမရှိခြင်း။	ကျေးရွာရန်ပုံငွေများရှာ ဖွေကာကျေးလက်လမ်း ဦးစီးဌာနသို့တင်ပြနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	ရွာတွင်းလမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း။
၂	**တောင်သူအဖွဲ့**					
	(၁) ကုန်ထုတ်လမ်းသွား လာရန်ခက်ခဲခြင်း။	ကုန်ထုတ်လမ်းများ မကောင်းခြင်း။	မြေသားမာခြင်း။	ရန်ပုံငွေမရှိခြင်း။	ကျေးရွာရန်ပုံငွေများရှာ ဖွေကာကျေးလက်လမ်း ဦးစီးဌာနသို့တင်ပြနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	ကျေးရွာကုန်ထုတ်လမ်း သဲကျောက်ခင်းခြင်း အဆင့်မြှင့်တင်ခြင်း။
၃	**လူငယ်အဖွဲ့**					
	(၁) ကျေးရွာတွင် လူထု အစည်းအဝေးပွဲများ လုပ်ရန်ခက်ခဲခြင်း။	ကျေးရွာခန်းမဆောင် မရှိခြင်း။	မြေနေရာအသင့်ရှိခြင်း ပူးပေါင်းပါဝင်လိုစိတ် ရှိခြင်း။	ရန်ပုံငွေမရှိခြင်း။	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြခြင်း လမ်းညွှန်မှုနှင့်အညီ လိုက် နာဆောင်ရွက်ခြင်း	ကျေးရွာအစည်းအဝေး ခန်းမဆောင်တည်ဆောက် ခြင်း
၄	**အမျိုးသမီးအဖွဲ့**					
	(၁) အိမ်တွင်း ဝင်ငွေ နည်းပါးခြင်း၊ မလုံလောက်ခြင်း။	အိမ်တွင်းစက်မှုလုပ် ငန်းအတွက် ချေးငွေ မရှိခြင်း။	အိမ်တွင်းစက်မှုလုပ်ငန်း အကောင်အထည်ဖော် လိုသူ များခြင်း။	ချေးငွေမရရှိခြင်း။	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြခြင်း လမ်းညွှန်မှုနှင့်အညီ လိုက်	အိမ်တွင်းစက်မှုလုပ်ငန်း များအတွက်ချေးငွေရရှိ နိုင်ရေး။

					နာဆောင်ရွက်ခြင်း	
၅	**စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများအဖွဲ့**					
	(၁) အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း	အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော အဝတ်ပညာများမတတ်မြောက်ခြင်း	အလုပ်တတ်မြောက်လိုသူများပြားခြင်း	အခကြေးငွေနည်းနည်းဖြင့်အတတ်ပညာသင်ယူနိုင်မှုမရှိခြင်း	ဌာနဆိုင်ရာများ၏ အကူအညီရယူပြီးသင်တန်းဖွင့်လှစ်နိုင်ခြင်း၊ ကျေးရွာလူထု၏ အထောက်အပံ့များရရယူရန်။	အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လုပ်ငန်းများ ဖွင့်လှစ်ပေးခြင်း (စက်ချု၊ ဝပ်ရှော့၊ပန်းရံ၊ ဇာထိုး၊ ပန်းထိုး)များလိုအပ်ခြင်း

အရှေ့စည်းကျေးရွာအုပ်စု၊အရှေ့စည်းကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းလှ	ဦးမျိုးကြီး	၅/ကလထ(နိုင်)၀၃၂၈၁၉	၆၀	ဥက္ကဋ္ဌ	၀၉-၄၂၃၇၄၁၀၅
၂	ဦးဖိုးမြဲ	ဦးဖိုးတောက်	၅/ကလထ(နိုင်)၀၃၃၀၁၉	၆၇	အတွင်းရေးမှူး	၀၉-၄၀၀၄၆၄၁၄
၃	ဦး၀င်းဆွေမြင့်	ဦးငကျော်	၅/ကလထ(နိုင်)၀၃၃၆၃၇	၄၃	စာရင်းကိုင်	၀၉-၄၅၈၈၆၅၃၃၂
၄	ဦးတင်၀င်း	ဦးဘစံ	၅/ကလထ(နိုင်)၀၃၃၁၀၆	၅၈	ဘဏ္ဍာရေးမှူး	၀၉-၇၆၀၅၁၀၀၀၆
၅	ဦးခင်မောင်လွင်	ဦးခိုင်မော်	၅/ကလထ(နိုင်)၀၉၂၅၆၁	၄၇	သေ့ကိုင်(၁)	၉၀-၄၀၂၂၄၃၂၂၂၇
၆	ဒေါ်ဝိုင်းစံ	ဦးလှမောင်	၅/ကလထ(နိုင်)၁၂၅၁၆၉	၄၂	သေ့ကိုင်(၂)	၀၉-၄၂၇၉၈၄၇၂၄
၇	ဒေါ်သူဇာလင်း	ဦးနီတိုး	၅/ကလထ(နိုင်)၁၆၈၂၇၀	၃၅	အဖွဲ့ဝင်	၀၉-၂၅၆၃၈၀၈၄၈
၈	ဒေါ်မမကြီး	ဦးကြီးအောင်	၅/ကလထ(နိုင်)၁၀၃၁၇၈	၄၉	အဖွဲ့ဝင်	၀၉-၂၅၆၉၇၅၉၄၄
၉	ဦးထိုဝင်း	ဦးတိုက်စံ	၅/ကလထ(နိုင်)၀၃၂၇၉၄	၅၄	အဖွဲ့ဝင်	၀၉-၄၅၈၂၂၄၉၉၁
၁၀	ဦးဇော်နိုင်လင်း	ဦးသန်းလေး	၅/ကလ၀(နိုင်)၁၃၃၄၃၅	၃၅	အဖွဲ့ဝင်	၀၉-၄၄၉၇၃၅၄၄၄
၁၁	ဦးမဲအောင်	ဦးညိုလုံး	၅/ကလထ(နိုင်)၀၃၃၀၃၀	၆၁	အဖွဲ့ဝင်	၀၉-၄၂၁၄၅၀၂၀၀

၁၂	ဦးမောင်ဝင်း	ဦးကံညွန့်	၅/ကလထ(နိုင်)၀၄၇၇၄၂	၄၆	အဖွဲ့ဝင်	၀၉-၄၄၄၁၉၅၅၄
၁၃	ဦးသန်းဝင်း	ဦးမောင်ကြီး	၅/ကလထ(နိုင်)၀၃၃၁၃၁	၆၀	အဖွဲ့ဝင်	၀၉-၂၅၉၅၃၄၇

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃၃	၃၆	၆၉
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၁၈	၁၂၂	၂၄၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၄၈	၁၇၀	၃၁၈
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၃၂	၁၄၆	၂၇၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၄၆	၁၀၈၈	၂၁၃၄
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇၄	၈၅	၁၅၉
စုစုပေါင်း		၁၅၅၁	၁၆၄၇	၃၁၉၈
စုစုပေါင်း အိမ်ထောင်စု				၇၇၄

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျွန်ုပ်တို့ကျေးရွာရှိ (၁)နှစ်မှ (၅)နှစ်အထိ ကလေးငယ်များသည် မိခင်နှင့်နွေးထွေးစွာနေရခြင်း၊ ကျန်းမာရေးဌာနမှ လစဉ်အလိုက် ဆေးဝါးများပုံမှန်ကုသပေးခြင်းတို့ကြောင့် ကျန်းမာရေးချို့တဲ့မှုနည်းပါးလျှက်ကို တွေ့ရှိရပြီး ကျောင်းနေအရွယ် မူလတန်းအဆင့်ရှိ ကျောင်းသား/သူများမှာ မိုးရာသီတွင် အဖျားရောဂါများဖြစ်တတ်လေ့ရှိပါသည်။ ကျေးရွာမှ ကျန်းမာရေးလုပ်သားများနှင့် အချိန်မှီကုသမှုခံယူပြီး ရောဂါအခြေအနေဆိုးဝါးလျှင် တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသခြင်းများ ပြုလုပ်ကြရပါသည်။ အသက်(၁၅)နှစ်မှ (၆၄)နှစ်ကြားရှိသူများမှာ ကျန်းမာရေးချို့တဲ့မှု အနည်းငယ်ဖြစ်တတ်သော်လည်း ဆေးဝါးများနှင့် အချိန်မှီကုသမှုခံယူကြရပါသည်။ ကျေးရွာလူဦးရေ၏ (၆၆.၇%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ပါသည်။ အသက်(၆၄)အထက်ရှိ သက်ကြီးရွယ်အိုများမှာ မိသားစုနေစောင့်ရှောက်မှုများနှင့် နေထိုင်ကြပြီး အမျိုးသမီး/သားတို့က တတ်အားသမျှ ပစ္စည်းဆေးဝါးများဖြင့် နှစ်စဉ်သက်ကြီးပူဇော်ပွဲများ ပြုလုပ်၍ ကန်တော့ကြခြင်းများ ပြုလုပ်လေ့ရှိပါသည်။ သက်ကြီးရွယ်အိုများမှာ ကျေးရွာလူဦးရေ၏ (၄.၉%)ခန့်သာ ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၃၁၃	၆၂၀	၃၆	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၇၂	၁၁၃	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၁၃	၁၄	၀	မြင့် လတ် နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အဝတ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၆	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း	၃၅၉	၆၃၅	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	/ ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် လယ်/ယာကို အများစုလုပ်ကိုင်ကြသည်။ နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင် ရေတိုက်စားမှုများရှိပါသည်။ ဤသို့ရေတိုက်စားမှုများရှိသဖြင့် မြေဆီလွှာဆုံးရှုံးမှုများ တစ်နှစ်ထက်တစ်နှစ်ပို၍ များပြားလာပါသည်။ သဘာဝဓါတ်မြေဩဇာပြုလုပ်သုံးစွဲမှုနည်းပါးသော်လည်း နွားချေးကို သုံးစွဲကြသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများကို ရွာတွင်းမြို့တွင်း၌ ဈေးကြီးပေး၍ သုံးစွဲရပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများရှိသဖြင့် သယ်ယူပို့ဆောင်ရေးများ မလွယ်ကူသောကြောင့် ရောင်းဝယ်ဖောက်ကားမှု နှောင့်နှေးရပါသည်။ ဤသို့သောစီးပွားရေးအခြေအနေ အခက်အခဲများရှိပါသည်။ အခြားလုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံနှင့် ရာသီအလိုက် နေ့စားအလုပ်သမားများရှိပါသည်။

